မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၈၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်လက်ဆက်ဆံသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသည့် လုပ်ရပ်မှန်သမျှ တရုတ်နိုင်ငံက ဆန့်ကျင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၄ ◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဧပြီ ၅ ရက်)

ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံများ စိုက်ပါ ပျိုးပါ စားသုံးပါ

လူတို့ကျန်းမာသန်စွမ်းကြံ့ခိုင်ရန်အတွက် နေ့စဉ်စားသုံးသော အစားအစာသည် အရေးပါလျက်ရှိသည်။ ရောဂါ ကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို စားသုံးကြရမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက် သီးနှံများကို စိုက်ပျိုးစားသုံးခြင်းသည် အိမ်အသုံးစရိတ်ကိုသက်သာစေပြီး ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ ‘‘အစာလည်းဆေး ဆေးလည်းအစာ’’ဟူသော စကားအရ အစားအစာများကို အာဟာရမျှတစွာနှင့် နေ့စဉ်ပုံမှန်စားသုံးခြင်းသည် ခန္ဓာကိုယ်အတွက် ကျန်းမာရေးညီညွတ်စေသည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကိုစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းစေရန်အတွက် သဘာဝအတိုင်းစိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးသင့်သည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စသည့် ဓာတုပစ္စည်းများ ပါဝင်သည့် အသီးအရွက်များကို စားသုံးမိပါက ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ ခေါင်းမူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း စသည့် ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်သည်။ ထို့ကြောင့် အစားအသောက် မစားသုံးမီ ဟင်းသီးဟင်းရွက် အသီးအနှံများကို ရေစင်ကြယ်စွာဆေးကြောပြီးမှ စားသုံးသင့်သည်။

ယခုအခါ သီးနှံများကိုစီးပွားဖြစ် တွင်ကျယ်စွာစိုက်ပျိုးလာကြသည်ဖြစ်ရာ သီးနှံဖြစ်ထွန်းရေး အတွက် ဓာတ်မြေဩဇာများကို အသုံးပြုရာတွင် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြမှသာလျှင် စားသုံးသူများအတွက် အန္တရာယ်ကင်းစေမည်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းသည် မိသားစုအတွက် ဝင်ငွေလည်းရ ဝမ်းလည်းဝစေမည့် ဟင်းသီးဟင်းရွက်များကို မိမိတို့၏ အိမ်၊ ခြံမြေများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးစားသုံးကြပါက အသုံးစရိတ်သက်သာပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီသင့်လျော်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး ကျော်ဆန်း-ဒေါ်မေနွယ် မိသားစုကလှူဒါန်းသော ကျားမင်းကြီးကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲကို မတ် ၂၂ ရက်က ကျင်းပရာ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၆)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း တက်ရောက်

နေပြည်တော် ဧပြီ ၄

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (၆၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို မတ် ၂၇ ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းများ ဆောင်ရွက်ကြပြီး သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အမှာစကား ပြောကြားပြီး တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိကြသော အရာရှိ၊စစ်သည်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးက (၆၆)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်ပြည်သူ့ဆေးရုံကြီး APRIL ဆေးဆိုင် ဝန်ထမ်းများက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၂)အဝေးပြေး လမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ မတ် ၁၃ ရက်က အလှူငွေကျပ် ၁၄၀၀၀၀ လှူဒါန်းရာ သူနာပြုအုပ် ဒေါ်မြင့်မေနှင့် စောင့်ရှောက်ရေးသူနာပြုဒေါ်နော်အေးငွေးတို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သွေးသွင်းကုသမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဧပြီ ၄

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၁ ရက် နံနက် ၁၀ နာရီခွဲက အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် အသိပေးညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အကြံပြုဆွေးနွေး

အခမ်းအနားတွင် အမျိုးသားအေအိုင်ဒီအက်စ် တိုက်ဖျက်ရေးဌာနမှ ဒေါက်တာဝင်းမြင့်သူနှင့် ဒေါက်တာမြကြေးမုံတို့က ကဏ္ဍအလိုက် ဆွေးနွေးကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းနှင့် တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဧပြီ ၄

ပဲခူးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ ဘဝတစ်သက်တာ စာပေဆုရ အသင်းနာယက ဆရာဒေါက်တာကျော်စိန်နှင့် အမျိုးသားစာပေဆုနှစ်ကြိမ်ရ အသင်းဝင် ဆရာဦးချစ်စံဝင်းတို့အား ဂုဏ်ပြုပွဲကို ဧပြီ ၉ ရက် (စနေနေ့) နံနက် ၁၀နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၀/၁၁ ဒုတိယထပ်၊ ကန်တော်ကလေးလမ်း (အောင်ဆန်းကွင်းမြောက်ဘက်ခြမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်၌ကျင်းပမည်ဖြစ်ရာ ပညာရေးငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများနှင့် သက်ကြီး ပူဇော်ပွဲအတွက် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ညွှန့်ဇော် (အငြိမ်းစား)ဖုန်း-၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟန်ကြူ ဖုန်း-၀၉-၅၁၂၀၂၃၇၊ ဦးသိမ်းလွင် ဖုန်း-၀၅၂-၂၄၂၂၁၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၁-၅၈၀၀၃၂၊ ၀၉-၅၁၄၈၂၀၄၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၅၂-၂၂၈၁၂၊ ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၀၁-၄၀၀၁၄၂၊ အမှုဆောင် ဦးစိန်လှိုင် (စာရေးဆရာ စိန်လှိုင်ဗိုလ်) ဖုန်း-၀၉-၅၃၀၂၂၆၃၊ ပဲခူးမြို့နယ်အသင်း(ရန်ကုန်)ဖုန်း-၀၁-၃၇၈၃၀၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သတိ

သင်္ကြန်ကာလအတွင်း အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ ရေကစားမဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန် တားမြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး
မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ကျောက်စီခင်း

မုဒုံမြို့နယ် မြို့မ (၂)ရပ်ကွက် မြခွာညိုလမ်း ကတ္တရာခင်းရန်အတွက် ကျောက်စီခင်းနေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဒေါ်အေးဝါဝါတင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

5-4 (02).pmd 1 4/5/2011, 2:51 AM

❖ *ကျောဖုံးမှ*

ဗိုလ်မှူးချုပ်ဇာနည်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Commerce Deputy Minister Mr. Chen Jian တို့ကလည်းကောင်း၊ ရင်မင်ဘီ (၃၀) ဘီလီယံချေးငွေအောက်မှ ပထမအသုတ် ချေးငွေသဘောတူစာချုပ်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export - Import Bank of China President Mr. Li Ruogu တို့ကလည်းကောင်း၊ မြန်မာနိုင်ငံ ဒေသတွင်းရှိ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများတွင် အကူအညီပေးရေးဆောင်ရွက်ရန် ကနဦးနားလည် သဘောတူညီမှုစာလွှာကို စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Cooperation (CNPC) President Mr. Jiang Jiemin တို့ကလည်းကောင်း၊ စပယ်တောင်၊ စပယ်တောင်(တောင်)နှင့် ကြေးစင်တောင် သတ္တုတွင်းအတွက် ထုတ်လုပ်မှုအပေါ် အချိုးကျခွဲဝေသည့် သဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်မှူးချုပ်ဇာနည်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ NORINCO (G) Executive Deputy General Manager Mr.Yin Jiaxu တို့ကလည်းကောင်း၊ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် (၅)သန်း ချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံနှင့် ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးရေးဌာနများ တည်ဆောက်မည့် စီမံကိန်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Zhenrong Energy Co.,Ltd. တို့၏ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်မှူးချုပ်ဇာနည်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Zhenrong Energy Co., Ltd. Chairman Mr.Xiong Shaohui တို့က လည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြပြီးစာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်က မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရကပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Ministry of Commerce Deputy Minister Mr. Chen Jian တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ရင်မင်ဘီ (၃၀) ဘီလီယံချေးငွေအောက်မှ ပထမအသုတ် ချေးငွေသဘောတူစာချုပ်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးညီဖြူလှနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ The Export - Import Bank of China President Mr. Li Ruogu တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စပယ်တောင်၊ စပယ်တောင်(တောင်)နှင့် ကြေးစင်တောင် သတ္တုတွင်းအတွက် ထုတ်လုပ်မှုအပေါ် အချိုးကျခွဲဝေသည့် သဘောတူစာချုပ်ကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်မှူးချုပ်ဇာနည်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ NORINCO (G) Executive Deputy General Manager Mr.Yin Jiaxu တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

မြန်မာနိုင်ငံဒေသတွင်းရှိ ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများတွင် အကူအညီပေးရေးဆောင်ရွက်ရန် ကနဦး နားလည်သဘောတူညီမှုစာလွှာကို စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Cooperation (CNPC) President Mr. Jiang Jiemin တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် (၅)သန်း ချက်လုပ်နိုင်မည့် ရေနံချက်စက်ရုံနှင့် ဓာတ်ဆီနှင့် ရေနံဓာတ်ငွေ့ရည် ဖြန့်ဖြူးရေးဌာနများ တည်ဆောက်မည့် စီမံကိန်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Zhenrong Energy Co.,Ltd. တို့၏ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်ခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ ဗိုလ်မှူးချုပ်ဇာနည်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangdong Zhenrong Energy Co., Ltd. Chairman Mr.Xiong Shaohui တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ပခုက္ကူ၌ဟောပြော

ပခုက္ကူ ဧပြီ ၄

ပခုက္ကူမြို့နယ် ရပ်ကွက်၊ ကျေးရွာများ မီးဘေးအန္တရာယ် ကင်းဝေးစေရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းကို မတ် ၁ ရက် မွန်းတည့် ၁၂ နာရီက ပခုက္ကူမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဌေးအောင်နှင့် မြို့ပေါ်ရပ်ကွက် ၁၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၅ အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် ယာဉ်မောင်းများ တက်ရောက်ကြပြီး တာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဟောပြောကြသည်။ (၁၀၂)

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး China National Petroleum Corporation ဥက္ကဋ္ဌနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းငွေ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး China National Petroleum Corporation ဥက္ကဋ္ဌ Mr. Jiang Jiemin ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် စွမ်းအင်ဆိုင်ရာလုပ်ငန်းများ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ရေနံပိုက်လိုင်းများ တည်ဆောက်ရေး တိုးတက်မှုအခြေအနေနှင့် ပိုက်လိုင်းများ ဖြတ်သန်းရာဒေသတစ်လျှောက် ဒေသခံပြည်သူလူထုများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့လည်း လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်စည်ကားစွာကျင်းပမည်

ရန်ကုန် ဧပြီ ၄

ရခိုင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် အဌမအကြိမ်မြောက် ၂၀၁၁ ခုနှစ်၊ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၂ ရက် ညနေ ၃ နာရီမှ စတင်ကာ ဧပြီ ၁၆ ရက်အထိ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူကားမောင်းသင်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ဧပြီ ၁၂ ရက် ညနေ ၃ နာရီတွင် နံ့သာသွေးပွဲ၊ ဧပြီ ၁၃ ရက်တွင် ဘုရားရေသပ္ပာယ်ပွဲနှင့် သင်္ကြန်ဖွင့်ပွဲ၊ ဧပြီ ၁၄ ရက်မှ ၁၆ ရက်အထိ ရခိုင်ရိုးရာရေကစားပွဲတော်နှင့် အဆို အကဖျော်ဖြေမှုများ ပါဝင်သည်။

ထို့ပြင် ရခိုင်ရိုးရာ သင်္ကြန်ပွဲတော်ရက်များအတွင်း ရခိုင်ရိုးရာ စားသောက်ဆိုင်များ၊ ရခိုင်သင်္ကြန်အထိမ်းအမှတ်လက်ဆောင်ပစ္စည်းဆိုင်များ၊ ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ရာ ဆိုင်ခန်းဖွင့်လိုသူများ၊ မဏ္ဍပ်ဝင်ရောက်လိုသူ လှုပ်ရှားဖြူများ၊ ကူညီပံ့ပိုးလိုသော စီးပွားရေးလုပ်ငန်းရှင်များနှင့် လှူဒါန်းလိုသူများသည် ရခိုင်သင်္ကြန်ဖြစ်မြောက်ရေး ကော်မတီများဖြစ်ကြသော ဒေါ်စောခင်တင့်ဖုန်း-၇၀၉၇၈၅၊ ဦးဦးလှမြင့် ဖုန်း-၀၉-၅၀၀၂၈၃၁၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဦးစံလှမောင် ဖုန်း-၅၄၁၅၃၅၊ ဦးသန်းမောင် ဖုန်း-၃၇၂၇၆၀၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဒေါက်တာစံလှကျော် ဖုန်း-၀၉-၇၃၀၁၂၂၉၆၊ ဦးထွန်းနိုင် ဖုန်း-၀၉-၅၀၁၃၈၈၇၊ ဦးကျော်ဝင်း ဖုန်း-၇၃၀၂၉၃၄၃ နှင့် ရခိုင်ပြည်နယ်ဓမ္မာရုံ ဖုန်း-၃၇၅၇၂၈ တို့ထံသို့ အမြန်ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၁၃၅)

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် နောင်ကိုင်းကျေးရွာနေ ဦးကျွဲသည် ဧပြီ ၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရွာ၏ အနောက်တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ နေရာသို့ ထင်းခုတ်သွားစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ဘယ်ခြေချင်းဝတ်မှ ပြတ်ဒဏ်ရာနှင့် ညာခြေချင်းဝတ်ကျိုးဒဏ်ရာများရရှိခဲ့ကာ ကော့ကရိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သော ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ မီးဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အဖွဲ့ပိုင် တာဟန်ဈေးအတွင်း မီးဘေးကာကွယ်ရေး ပစ္စည်းများထားရှိမှု၊ မီးသတ်ရေငုတ်များထားရှိမှု အခြေအနေများကို ဒုတိယဦးစီးမှူး (ဈေး)ဦးဇော်ဇော်ထွန်းနှင့် ဈေးကော်မတီဥက္ကဋ္ဌတို့က လိုက်လံပြသ ရှင်းလင်းတင်ပြနေစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်
စာပေ
လူ့မိတ်ဆွေ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ အင်္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၁၀ ၈။ အတီးပြိုင်ပွဲ
၈:၂၀ ၉။ ခါသင်္ကြန်အဆိုအကများ
၈:၃၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၄၀ ၁၁။ International News
၈:၄၅ ၁၂။ ခါသင်္ကြန်အဆိုအကများ
၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄:၂၀ ၃။ ခါသင်္ကြန်အဆိုအကများ
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၅ ၆။ **အမှန်ထင်နေသောအမှား**
၅:၁၀ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅:၂၅ ၈။ ခါသင်္ကြန်အဆိုအကများ
၅:၃၅ ၉။ **ကြယ်စင်ဥယျာဉ်**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ **ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
၆:၃၅ ၁၃။ **ဆိုလိုက်ကြစို့**
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၂၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ရယ်စရာဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၁၇)
၂၀။ အစီအစဉ်ပြီး၏။

အင်အားပြင်း မြေငလျင် တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၄

ဧပြီ ၄ ရက် နံနက် ၂ နာရီ ၄၃ မိနစ် စက္ကန့် ၂၀ အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အရှေ့တောင်ဘက် မိုင် ၂၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၏တောင်ဘက်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၇ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့်

တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင်ဧည့်ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်၊ ပြည်သူ့လွှတ်တော် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မြင့်နှင့် ဒေါက်တာမျိုးမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအတွင်းရေးမှူးဦးသန်းမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါ်မိယဉ်ချမ်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဦးငွန်မောင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျင်ဝမ်း၊ "ကိုးကန့်" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားရာတွင် **မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒသည် မိမိတို့နှစ်နိုင်ငံ ပါဝင်ချုပ်ဆိုခဲ့သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒနှင့် နိုင်ငံအားလုံးနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလျက် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးမူဝါဒပင် ဖြစ်ပါကြောင်း။**

ထပ်လောင်းပြော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက တရုတ်နိုင်ငံ၏ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy) ကို ထောက်ခံပါကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း။

နိုင်ငံတကာ မျက်နှာစာနှင့် ဒေသတွင်း၌ တရုတ်နိုင်ငံက မြန်မာနိုင်ငံဘက်မှ မှန်ကန်မျှတစွာ ရပ်တည်ဆောင်ရွက်ပေးနေမှုများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

တရုတ်နိုင်ငံ၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထားရှိသော သဘောထား၊ မူဝါဒနှင့် ဆောင်ရွက်မှုများသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ပါကြောင်း။

ပိုမိုခိုင်မာ

မြန်မာ-တရုတ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်နှင့် ယဉ်ကျေးမှုနယ်ပယ်တို့တွင် ပိုမိုမြင့်မားတိုးတက်လာပြီး မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့်ဖြစ်လာသည့်အတွက် ပိုမိုခိုင်မာတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

မကြာသေးမီက တရုတ်အမျိုးသားကွန်ဂရက်နှင့် နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် (၁၁)ကြိမ်မြောက် ညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်ဟု သိရပါကြောင်း၊ နောင်လာမည့် (၅) နှစ်ကာလအတွက် တရုတ်နိုင်ငံအနေဖြင့် စီမံဆောင်ရွက်သွားမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့်ပတ်သက်သည့် ကောင်းမွန်ပြီး လက်တွေ့ကျသော မူဝါဒများကို ချမှတ်နိုင်ခဲ့သည်ဟုလည်း ကြားသိရပါကြောင်း။

အဆွေတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီနှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌအဖြစ် ကြီးလေးသည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်ခြင်းအတွက် ဂုဏ်ပြုချီးကျူးပါကြောင်း။

ပိုမိုဖြစ်ထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား၌ ခေါင်းဆောင်များအချင်းချင်း၊ ပြည်သူများအချင်းချင်းသာမက နှစ်နိုင်ငံလွှတ်တော်များအကြားတွင်လည်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုဖြစ်ထွန်းပြီး ချစ်ကြည်ရေးအခွန့်ရှည်ခိုင်မြဲစေရန် ဆက်လက်ဆောင်ကြဉ်းပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသား ကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်ကလည်း **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုခြင်းနှင့် ဧည့်ဝတ်ပျူငှာခြင်းတို့အတွက် ကျေးဇူးတင်ရှိပါကြောင်း။**

မကြာသေးမီက မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးရသည်ကို ကြားသိရပါကြောင်း၊ ငလျင်ဒဏ်သင့် ပြည်သူများကို စာနာထောက်ထားပါကြောင်းနှင့် သေဆုံးသူများ၏ မိသားစုများကိုလည်း ဝမ်းနည်းကြောင်းကို ပြောကြားပေးစေလိုပါကြောင်း၊ ငလျင်ဘေးဒဏ်အတွက် ပြန်လည်ထူထောင်ရေးဆောင်ရွက်နိုင်ရန် အမေရိကန်ဒေါ်လာ (၅) သိန်း လှူဒါန်းခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး အစောဆုံးထူထောင်ခဲ့သည့် နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအစပြုခဲ့သည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်မှာ ကမ္ဘာ့ဆက်ဆံရေးနယ်ပယ်တွင် စံနမူနာ ပြုရမည့် မူဝါဒအဖြစ်တည်ရှိနေပါကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိတို့နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းပီသစွာ ချစ်ကြည်ရေး၊ ဖွံ့ဖြိုးရေးနှင့် နှစ်နိုင်ငံ အကျိုးစီးပွားများအတွက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နှစ်နိုင်ငံ ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် နှစ်နိုင်ငံထိပ်သီးခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု ဆက်လက်ဆောင်ရွက်သွားရေး၊ နိုင်ငံတော်စီမံခန့်ခွဲမှုအတွက် အမြင်ချင်းဖလှယ်ရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုအား နက်ရှိုင်းစွာ လုပ်ဆောင်သွားရေး၊ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စရပ်များအတွက် ညှိနှိုင်းဆောင်ရွက်သွားရေးအချက်များအား အကြံပြုတင်ပြလိုပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၄)ကြိမ်မြောက် ဂျီအမ်အက်စ်အစည်းအဝေး အောင်မြင်စေရန် ဆုတောင်းပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြောင်းလဲမှုအောင်မြင်ခြင်းများကို ဂုဏ်ပြုပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ပြီး မိမိတို့၏ ပကတိအခြေအနေနှင့် ကိုက်ညီမှုရှိသည့် လမ်းကြောင်းရွေးချယ်မှုကိုလည်း ထောက်ခံသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ပေးအပ်လှူဒါန်း

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်အတွက် လှူဒါန်းသော ရုံးသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

အပြန်အလှန်ပေးအပ်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသား ကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်အတွက် လှူဒါန်းသော ရုံးသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တည်ခင်းဧည့်ခံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ပေးအပ်

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁) ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်အား ခရီးစဉ်မှတ်တမ်း အယ်လ်ဘမ်ကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နေပြည်တော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏(၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ထမင်းစားခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးတင့်ဆန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာ ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက်အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း အနုပညာရှင်များက မြန်မာ့ဆိုင်းဝိုင်း၊ ခေတ်ပေါ်တေးဂီတအဖွဲ့တို့နှင့် တွဲဖက်၍ တေးသံသာများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ပေးအပ်

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်အား ခရီးစဉ်မှတ်တမ်း အယ်လ်ဘမ်ကိုပေးအပ်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင်တို့သည် ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းပေးအပ်ကြပြီး တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

အမှတ်(၂)စက်မှုဝန်ကြီး ဦးစိုးသိန်း ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဧပြီ ၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် ဝန်ကြီးရုံး စုဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

အရှိန်မြှင့်တင်

တွေ့ဆုံပွဲအခမ်းအနား၌ ဝန်ကြီးက နိုင်ငံတော်သမ္မတကြီး၏ မိန့်ခွန်းပါ အချက်အလက်များ၊ အစိုးရအဖွဲ့အသစ်၏ အရေးကြီးဆုံးလုပ်ငန်းစဉ်ဖြစ်သည့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) နှင့် သန့်ရှင်းသော အစိုးရ (Clean Government) အဖြစ် ကြိုးပမ်းဆောင်ရွက်ရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် တာဝန်သိမှု၊ စည်းကမ်းရှိမှုများကို မှန်မှန်ကန်ကန်ကျင့်သုံးပြီး ပါဝင်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ အမှတ် (၂)စက်မှုဝန်ကြီးဌာန၏ ၂၀၁၁-၂၀၁၂ ရည်မှန်းချက်တာဝန်(၁၁)ရပ်ဖြစ်သည့် အရည်အသွေးမြင့်မားသော ထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်၊ အရာထမ်းနှင့် အမှုထမ်းများ စွမ်းရည်မြင့်မားရန်၊ စက်ရုံများ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန်နှင့် သန့်ရှင်းသပ်ရပ်စေရန်၊ စက်များစွမ်းအားပြည့်အသုံးချရန်၊ ဈေးကွက်လိုအပ်ချက်ကို အလေးအနက်ထားရန်၊ အရာထမ်းနှင့် အမှုထမ်းများ ကျန်းမာပျော်ရွှင်စေရန်၊ စက်ရုံအလုပ်ရုံများအတွင်း ဝန်ထမ်းများ စည်းလုံးညီညွတ်မှုတည်ဆောက်ရန်၊ အသုံးစရိတ်နှင့် ကုန်ကျစရိတ်များ လျှော့နည်းစေရန်နှင့် လေလွင့်ပြုန်းတီးမှု မရှိစေရန်၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုကင်းစေရန်၊ ရုံးလုပ်ငန်းများ မြန်ဆန်သွက်လက်စေရန်နှင့် တီထွင်ကြံဆမှု၊ ဖတ်ရှုမှု၊ လေ့လာမှုများ အရှိန်မြှင့်တင်ရန်ဖြစ်ကြောင်း စသည်ဖြင့် မှာကြားသည်။

တီထွင်ကြံဆ

ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကြီးကြပ်မှုအောက်ရှိ စက်ရုံများအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေရန်အတွက် စက်မှုလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများကိုစနစ်တကျစွန့်ပစ်ရေး၊ Clean & Green Technology Industry အဖြစ် နည်းစနစ်များအရ ဆောင်ရွက်နိုင်ရေး၊ ရုံးနှင့် အိမ်ရာဝန်းကျင်တို့တွင် စိုက်ပျိုးထားသည့်သစ်ပင်များ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ကြရေးနှင့် ဝန်ထမ်းများအားလုံးအနေဖြင့် အစိုးရအဖွဲ့သစ်၊ ဘဏ္ဍာရေးနှစ်သစ်၏ ယခုအချိန်မှစတင်၍ အတွေးသစ်၊ အမြင်သစ်၊ တီထွင်ကြံဆမှုသစ်များဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပါဝင်ကြိုးပမ်းကြရန် လိုအပ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံး နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် ဧပြီ ၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့သည်မှအပ တစ်ပြည်လုံးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ တနင်္သာရီ တိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဧပြီ ၅ ရက်ညနေအထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့် နေ့အပူချိန်များ

၄-၄-၂၀၁၁

ချောက်မြို့	၄၂	ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၀	ဒီဂရီစင်တီဂရိတ်
မကွေးမြို့	၄၀	ဒီဂရီစင်တီဂရိတ်
အောင်လံမြို့	၄၀	ဒီဂရီစင်တီဂရိတ်
သိမ်ဇရပ်မြို့	၄၀	ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်း၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်း၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ အတွင်းရေးမှူး ဦးဝင်းနောင်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးဘိုးရယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဇော်မြင့်ဖေ၊ ဒေါ်နန်းနီနီအေး၊ ဦးဆွန်ဒုတ်ကျင့်၊ ဦးသန်းမြင့်နှင့် ဦးဆိုင်ပေါင်းနပ်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်လေး၊ ဒေါ်ရီရီမြင့်နှင့် ဦးခင်မောင်ရီ၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာစိုးထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမောင်မောင်ထူး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြောကြားရာ၌ **တရုတ်နိုင်ငံအနေဖြင့် ပြီးခဲ့သည့်လတွင် (၁၁)ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့် စတုတ္ထအကြိမ်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။**

မိမိတို့အနေဖြင့် ပြည်ထောင်စုလွှတ်တော်နှင့် တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်တို့ ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း။

အလေးထားဖော်ဆောင်

မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ဆက်လက်ထူထောင်သွားမည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း ယခင်ကဲ့သို့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်နှင့်အညီ အလေးထားဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။

ယခုဆိုလျှင် နှစ်နိုင်ငံဆက်ဆံရေးသည် မဟာဗျူဟာမြောက် ဆက်ဆံရေးအခြေအနေသို့ တက်လှမ်းရောက်ရှိခဲ့ပြီဖြစ်ပြီး ယင်းရရှိပြီးဖြစ်သည့် ဆက်ဆံရေးအရှိန်အဟုန်ကို မိမိတို့ လွှတ်တော်နှစ်ရပ်အကြား ကူးလူးဆက်ဆံမှုများဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားရန် တိုက်တွန်းပြောကြား လိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၊ ဒေသတွင်းနှင့် အခြားအဖွဲ့အစည်းများတွင် တရုတ်နိုင်ငံနှင့် ဆက်လက်၍ နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား၌ ခေါင်းဆောင်များအချင်းချင်း၊ ပြည်သူများအချင်းချင်းသာမက နှစ်နိုင်ငံလွှတ်တော်များ အကြားတွင်လည်း ချစ်ကြည်ရင်းနှီးမှုများ ပိုမိုဖြစ်ထွန်းပြီး ချစ်ကြည်ရေးအခွန့်ရှည် ခိုင်မာစေရန် ဆက်လက်ဆောင်ကြဉ်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီ ဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်က ပြောကြားရာတွင် **မြန်မာနိုင်ငံအရှေ့ပိုင်းတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် မြန်မာပြည်သူများ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးရခြင်းအတွက် ဝမ်းနည်းပါကြောင်း။**

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှာ တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့်အလျောက် နှစ်နိုင်ငံဆက်ဆံရေးမှာ ပိုမိုတိုးတက်ထွန်းကားလျက်ရှိပါကြောင်း။

ယခုအခါ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏပိုမိုတိုးတက်လာခဲ့ရာ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်လာပါကြောင်း၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ရေအားလျှပ်စစ်စီမံကိန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်း စသည့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လျက်ရှိပါကြောင်း။

ထောက်ခံအားပေး

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒအား အစဉ်တစိုက် ထောက်ခံအားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတကာကိစ္စရပ်များတွင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တရားဝင်အကျိုးစီးပွားအတွက်လည်း ဆက်လက်ထောက်ခံအားပေးသွားမည် ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်အနေဖြင့် အမျိုးသားလွှတ်တော်နှင့် အပြန်အလှန်သွားလာလည်ပတ်မှု၊ လေ့လာသင်ယူမှုများ ဆက်သွယ်ဆောင်ရွက် လိုပါကြောင်း၊ ထိုသို့ ဆက်သွယ်မှုမှတစ်ဆင့် နှစ်နိုင်ငံအကြား စီးပွားရေး၊ ချစ်ကြည်ရေး ပိုမိုတိုးမြင့်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

K Future Co., Ltd. ကုမ္ပဏီသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၄

K Future Co., Ltd. ကုမ္ပဏီသစ် ဖွင့်ပွဲကို မတ် ၂၈ ရက် နံနက် ၈ နာရီက တိုက်အမှတ် ၁၇ အခန်း အမှတ်(၃) စံပယ်လမ်း တာမွေမြို့နယ် (ယုဇနပလာဇာအနီး) ရန်ကုန်မြို့၌ ကျင်းပသည်။

ဖြန့်ဖြူး

K Future Co., Ltd. သည် အိမ်သုံးဆေးဝါးများနှင့် သွေးကြောသွင်း ဆေးရည်ငါးမျိုးကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရယူဖြန့်ဖြူးလျက်ရှိပြီး ဖြန့်ဖြူးသည့်ဆေးဝါးများမှာ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)နှင့် အင်ရောင်း (ကျောက်ဆည်)တို့မှ နိုင်ငံတကာအဆင့်မီထုတ်လုပ်သော ဆေးဝါးများ ဖြစ်သည်။

တိကျကောင်းမွန်

သွေးကြောသွင်းဆေးရည် အရည်အသွေးတွင်လည်း Dextrose, Dextrose and Sodium Chloride, Sodium Chloride နှင့် Compound Sodium Lactate ပါဝင်မှု ရာခိုင်နှုန်း အချိုးအစားများမှာ ပြည်ပမှ သွင်းကုန် သွေးကြောသွင်းဆေးရည်များထက် ပိုမိုပြီး အရည်အသွေး သာလွန်တိကျကောင်းမွန်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်သော Keeler အမှတ်တံဆိပ် မျက်စိစမ်းသပ်သော စက်ပစ္စည်းများ၊ မီးသတ်နှင့် ပတ်သက်သော ဆက်စပ်ပစ္စည်းများကို တင်သွင်းရောင်းချလျက် ရှိသည်။

K Future Co., Ltd. ကုမ္ပဏီနှင့် ဆက်သွယ်ရန်မှာ တိုက်အမှတ် ၁၇ အခန်း (၃) စံပယ်လမ်း တာမွေမြို့နယ် (ယုဇနပလာဇာအနီး) ရန်ကုန်မြို့ ဖုန်း - ၀၉-၇၃၀၉၆၆၆၆ နှင့် ၀၉-၇၃၀၉၆၅၅၅၊ E-mail : kfuture 2010@ gmail.com တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း

ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျိုင်းတုံဟိုတယ်သစ်ခန်းမ၌ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ ခေါင်းဆောင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၄

ရှမ်းပြည်နယ် ကျိုင်းတုံမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်ကြည်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်မြတ် (ခ) ဦးစဝ်အောင်မြတ်၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ လိုက်ပါလျက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် ကျိုင်းတုံမြို့ရှိ စွမ်ခမ်းကျောင်းတိုက်ရှိ စွန်တောင်းစေတီတော်သို့ ရောက်ရှိပြီး စေတီတော်မွှာရံ၌ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် စွမ်ခမ်းကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏမွှအား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စွန်တောင်းစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် လူဦးရေ ၈ ဒသမ ၃ သိန်းခန့် မှီတင်းနေထိုင်နေမှု၊ နိုင်ငံတော်က ၂၀၀၃ ခုနှစ် မေ ၁၈ ရက်တွင် ဤဆေးရုံကြီးကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်လာမှု၊ လက်ရှိဝန်ထမ်းအင်အားအခြေအနေ၊ လူနာများ ဆေးရုံတက်ရောက်ကုသမှု အခြေအနေ၊ ဒေသတွင်း အဖြစ်များသောရောဂါများနှင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသနိုင်မှုအခြေအနေ စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးစားထမ်းဆောင်

ယင်းနောက် ဒုတိယသမ္မတက မိမိဦးဆောင်သောအဖွဲ့သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ တာလေငလျင်ဒဏ်သင့် ဒေသအတွင်း လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အလားတူ ကျိုင်းတုံဒေသ၌ လိုအပ်သည်များကို လက်တွေ့ဖြည့်ဆည်းဆောင်ရွက်ပေးရန်လည်း ရည်ရွယ်ပါကြောင်း၊ တပ်မတော်အစိုးရလက်ထက်က ဒေသတွင်း လိုအပ်ချက်များကို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ဆောင်ရွက်ပေးထားခဲ့ပြီး ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အစိုးရအဖွဲ့က ထပ်မံ၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်ချက်များကို အရှိအတိုင်း သိရှိနိုင်ရေး တင်ပြကြစေလိုကြောင်း၊ ထို့အတူ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ကို ကျေပွန်အောင် ကြိုးစားထမ်းဆောင်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများက ဌာနအလိုက် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ဆေးရုံငွေပဒေသာပင် အလှူငွေကျပ်သိန်းတစ်ရာကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းရင်းသားလုပ်ငန်းရှင် အလှူရှင်ငါးဦးတို့က ကျိုင်းတုံမြို့ သူနာပြုအသင်း အဆောက်အအုံ ခြံစည်းရိုးခတ်ရန်အတွက် အလှူငွေကျပ်သိန်း ၃၀ နှင့် ဆေးရုံရှိလူနာများ အပန်းဖြေကြည့်ရှုနိုင်ရန်နှင့် ကျန်းမာရေး



သစ်တစ်ပင်တောင် အပန်းဖြေစခန်း၌ ၁၇၅၃ ခုနှစ်က စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်ကြီး။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံ...
ဗဟိုကော်...
နိုင်ငံရေးအ...
ဥက္ကဋ္ဌ
နေပြည်တေ...

အသိပညာများရရှိစေရန်အတွက် ငွေကျပ် ၁၈ ...
DTH ရုပ်မြင်သံကြားဖမ်းစက် ၁၀ လုံးတို့ကို ...
အုပ်ကြီးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကာ...

ထောက်ပံ့ငွေပေးအပ်...

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသ...
ကြည့်ရှုကြပြီး ဆေးရုံတက်ရောက် ကုသနေသော ...
ကြကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ...

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဦးစိုးမောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီနိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှေးနှစ်ပေါင်းများစွာကပင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်နှင့်အညီ ကမ္ဘာ့နိုင်ငံများအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်လက် ဆက်ဆံသွားမည့်အခြေအနေ၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ၊ ဘင်းမ်စတက်၊ အက်(က်)မက်၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများအပါအဝင် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံဆက်ဆံရေးတွင် မဟာဗျူဟာမြောက် ဆက်ဆံရေးအဆင့် မှတ်ကျောက်တင်ရမည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးအထိ ဖြစ်ထွန်းလာမှုအခြေအနေ၊ မြန်မာနိုင်ငံ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အိမ်နီးချင်းနိုင်ငံပီသစွာ တရုတ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ အဆင့်ဆင့်သော လွှတ်တော်အစည်းအဝေးများ စနစ်တကျ ကျင်းပခဲ့ပြီး နိုင်ငံတော်၏ ပကတိအခြေအနေများနှင့်ကိုက်ညီသည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှု၊ စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ဓာတ်သတ္တု၊ စက်မှုစိုက်ပျိုးရေး အခြေခံအချက်အလက်များနှင့် လမ်းပန်းဆက်သွယ်ရေးများတွင် ကြီးမားသောစီမံကိန်းကြီးများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေး၊ ချစ်ကြည်ရင်းနှီးမှု ခိုင်မာစွာ တိုးမြှင့်ဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်က ပြန်လည်ဆွေးနွေးရာတွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ အစိုးရသစ် ပေါ်ပေါက်လာခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံ ထိပ်သီးခေါင်းဆောင်များ အပြန်အလှန်သွားလာဆက်ဆံမှုကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအဖြစ် ရေနက်ဆိပ်ကမ်း၊ ကားလမ်း၊ ရထားလမ်းနှင့် လျှပ်စစ်စီမံကိန်းများ တိုးတက်မှုကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရန် အုတ်မြစ်ချခဲ့ကြပြီးဖြစ်၍ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု တိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးကို နှစ်နိုင်ငံနားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသည့် လုပ်ရပ်မှန်သမျှကို တရုတ်နိုင်ငံက ဆန့်ကျင်ပါကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

အသိပညာများရရှိစေရန်အတွက် ငွေကျပ် ၁၈ သိန်း တန်ဖိုးရှိ SKY NET DTH ရုပ်မြင်သံကြားဖမ်းစက် ၁၀ လုံးတို့ကို ပေးအပ်လှူဒါန်းကြပြီး ဆေးရုံအုပ်ကြီးက လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးရုံတက်ရောက် ကုသနေသော လူနာများအား ကြည့်ရှုအားပေးကြကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး Language-Lab နှင့် Computer Skill Room တို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံ၍ မြို့နယ်အတွင်းရှိကျောင်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတက ကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးအစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်ရန်အတွက် အလှူရှင်များလှူဒါန်းသည့် ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ SKY NET DTH ရုပ်မြင်သံကြားဖမ်းစက် နှစ်လုံးတို့ကိုလည်းကောင်း ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း Computer Skill Room၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတသည် သစ်တစ်ပင်တောင် အပန်းဖြေစခန်းသို့ ရောက်ရှိပြီး ၁၇၅၃ ခုနှစ်က စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်ကြီးအား ပြုစုထိန်းသိမ်းထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ စီမံကိန်းအင်ဂျင်နီယာက မိုးနဲ-ကျိုင်းတုံ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ကျိုင်းတုံ-မိုင်းဆတ်လမ်းပိုင်း ဖောက်လုပ်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ကျိုင်းတုံဘူတာ၌ ရထားလမ်းဖောက်လုပ်ပြီးစီးမှုနှင့် ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်းတွင် ပြေးဆွဲပေးနေသည့်ရထားတွဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ တက်ရောက်ကုသနေသော လူနာများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။ (သတင်းစဉ်)

အလှူငွေ ပေးအပ် လှူဒါန်း

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီး အတွက် ငွေပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကပ်လှူပူဇော်

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် ကျိုင်းတုံမြို့ ခေမရဋ္ဌဗျာဒိတ်ပေးရုပ်တော်မူဘုရားကြီးသို့ ရောက်ရှိပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် ဘုရားကြီးအတွက် အလှူငွေကျပ် ၁၀ သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ကျိုင်းတုံမြို့ တိုးချဲ့ရေပေးဝေရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင် အလှူရှင်ငါးဦးတို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး လက်ခံစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းနောက် ဒုတိယသမ္မတသည် ကျိုင်းတုံဟိုတယ်သစ်ခန်းမ၌ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်

ယင်းသို့တွေ့ဆုံရာ၌ ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် **ယခုအချိန်သည် ကျိုင်းတုံနှင့် တာချီလိတ်ဒေသများတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ လက်တွဲ၍ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေချိန်ဖြစ်သကဲ့သို့ ပထမဦးဆုံးအကြိမ် တူညီသော အမျိုးသားရေး ရည်မှန်းချက်တစ်ရပ်အတွက် စတင်ပူးပေါင်းဆောင်ရွက်သည့်လုပ်ငန်းလည်း ဖြစ်ပါကြောင်း၊ စစ်မှန်သော စေတနာ၊ မှန်ကန်သော ဦးဆောင်မှုများဖြင့် ဆောင်ရွက်နေကြခြင်းကြောင့် လုပ်ငန်းများအားလုံး လျင်မြန်အောင်မြင်စွာ ပြီးမြောက်မည်ဟု ယုံကြည်ပါကြောင်း။**

မိမိတို့အစိုးရအဖွဲ့များမှ အားကြိုးမာန်တက် ဆောင်ရွက်နေကြသည့်နည်းတူ သက်ဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူများအပိုင်းကလည်း ဆောင်ရွက်ပေးရန် ရှိသည်များကို လျင်မြန်သွက်လက်စွာ ပူးပေါင်းဆောင်ရွက်ပေးသွားရန် လိုပါကြောင်း။

စနစ်တကျ

အစိုးရအဖွဲ့သစ်၏ ရည်မှန်းချက်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုသည့် ခက်မ(၃)ဖြာကို အပြန်အလှန်ထိန်းကျောင်းမှုပြုစေပြီး သန့်ရှင်းသော အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ စနစ်ရှိသည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် မိမိတို့အပိုင်းက ယခုကာလမှစတင်၍ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဝန်ထမ်းများ အပိုင်းကလည်း ဌာနဆိုင်ရာလုပ်ငန်းများကို စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

အလားတူ ရွေးချယ်ခံ ပြည်သူ့ကိုယ်စားလှယ်များနှင့် ယခုတက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူများ၏ အကျိုးစီးပွား ပြည်သူများ၏ဝန်ကို ထမ်းပိုးဆောင်ရွက်ပေးကြရမည့်သူများဖြစ်သည်ကို မမေ့ကြစေလိုကြောင်း၊ အဆိုပါအချက်ကို ခိုင်မာစွာ အထောက်အကူပြုစေရန်အတွက် လွှတ်တော်အသီးသီးတွင် အမျိုးသားအကျိုးစီးပွား၊ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ပြည်သူလူထုက သိရှိလိုသည်များကို ဥပဒေနှင့်အညီ မေးမြန်းနိုင်ခွင့်များ ပြဋ္ဌာန်းသတ်မှတ်ထားသကဲ့သို့ ပြည်သူ့လွှတ်တော်တွင် အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးမည့် ကော်မတီတစ်ရပ်ပါ ထည့်သွင်းဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

သန့်ရှင်းသောအစိုးရ

ထို့ကြောင့် အစိုးရအဖွဲ့ကို ကိုယ်စားပြုတာဝန်ထမ်းဆောင်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့် အကျင့်စာရိတ္တသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ရှိသည့် အစိုးရတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် များစွာ အကျိုးသက်ရောက်စေမည်ဖြစ်သည်ကို သတိပြုရမှာဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် စတင်တာဝန်ထမ်းဆောင်ချိန်ကပင် မိမိတို့၏ ရည်မှန်းချက်များကို သတ်မှတ်ကာလများအတိုင်း အောင်မြင်စေရေး၊ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးတို့အတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူလူထုအပိုင်းကလည်း မိမိတို့နှင့်အတူ လက်တွဲညီညီ၊ ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျိုင်းတုံမြို့ တိုးချဲ့ရေပေးဝေရေးအတွက် နဂါးနှစ်ကောင် ကုမ္ပဏီမှ ဦးအောင်ခင်က ငွေကျပ် (၁၀)သိန်း၊ တိုင်းရင်းသားလုပ်ငန်းရှင် အလှူရှင်(၅)ဦးတို့က ငွေကျပ်သိန်း (၅၀၀)နှင့် Ever Winner Co. က ငွေကျပ်သိန်း (၂၀၀၀)တို့ကို ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက လက်ခံသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဒုတိယသမ္မတက နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ကျိုင်းတုံမြို့ရှိ နောင်တုံရေကန်ကြီးနှင့် မြို့ဖွံ့ဖြိုးမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြပြီး ဟဲဟိုးမြို့မှတစ်ဆင့် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

ရန်ကုန်မြို့သို့ရောက်ရှိပြီး ရွှေတိဂုံစေတီတော် ကြည်ညို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား တွေ့ဆုံ

ရန်ကုန် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလှည့်လည်ပတ်ရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်စိုး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆို

မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိန်ဝင်းအောင်၊ ဒေါက်တာတင်သိန်းလွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မစ္စတာကျာချင့်လင်သည် စေတီတော် အာရုံခံတန်ဆောင်းရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး အာရုံခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းကပ်လှူသည်။

ယင်းနောက် မစ္စတာကျာချင့်လင်သည် စေတီတော်အတွက် အလှူငွေကျပ် (၅)သိန်းကို စေတီတော်ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌမစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေအား ည ၇ နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ လယ်ယာ/စီးပွား/ကူးသန်းနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း၊ ပြည်သူ့လွှတ်တော်ပြည်သူ့ငွေစာရင်း ကော်မတီ အတွင်းရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ တက်ရောက်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီ ဥက္ကဋ္ဌ မစ္စတာကျာချင့်လင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဆီဒိုးနားဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီး ဦးဝင်းထွန်း ဝန်ထမ်းများနှင့်တွေ့ဆုံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဧပြီ ၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းထွန်းသည် ယနေ့ နံနက် ၉ နာရီခွဲတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

အခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ မြန်မာ့သစ်လုပ်ငန်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်တို့မှ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများတက်ရောက်ကြသည်။

ဦးစားပေးဆောင်ရွက်

တွေ့ဆုံပွဲတွင် ဝန်ကြီးက မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကို ပိုမိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ထိန်းသိမ်းဆောင်ရွက်ရာတွင် သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားရမည်ဖြစ်သကဲ့သို့ လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် သဘာဝသစ်တော သယံဇာတအရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေး၊ သဘာဝဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှု

ထို့နောက် မွန်းလွဲပိုင်းတွင် ဆာဖာရီဥယျာဉ်(နေပြည်တော်)၊ နက္ခတ်တာရာပြခန်း၊ ငါးပြတိုက်နှင့် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခြင်ဆေးခွေသုံးလျှင် အနီးတွင် လောင်စာပစ္စည်း မထားနှင့်

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဧပြီ ၄

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် မတ် ၃၀ရက်က ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ သွားရောက်လေ့လာ၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ရာ ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ အင်္ဂလုံး၊ ကမာပါ၊ ကြခတ်ကုန်း၊ တော်ကေး၊ တော်ခရမ်းအရှေ့၊ ကန်လျားရှည်ကျေးရွာများ၊ ကော့မှူးမြို့နယ် အတွင်းရှိ နတ်စင်ကုန်း၊ ပိန္နဲကုန်း၊ မန်ကျည်းကန်၊ ထမ္မနိုင်၊ မော်တော၊ ခရိုက္ခနီ၊ ကျုံဒရယ်၊ သခွတ်ပင်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ စာကြည့်တိုက် ကော်မတီဝင်များနှင့်တွေ့ဆုံကာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စာပေဖတ်ရှုလေ့လာရေးကိစ္စများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၊ ဒေါက်တာသန့်သော်ကောင်းနှင့် အကယ်ဒမီခန့်စည်သူတို့က ငွေကျပ် ၃၈၀၈၀၀၀တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၄၂၉၀နှင့် ငွေသားကျပ် ၃၅၀၀၀၀တို့ကို ကျေးရွာစာကြည့်တိုက်များအတွက် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။**(ဝဲပုံ) (သတင်းစဉ်)**

စာကြည့်တိုက်အဆောက်အအုံသစ် တွံတေးမြို့၌ဖွင့်

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကသပေါင်းကျေးရွာ ပညာကြွယ်ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးကျော်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

ထို့နောက် စာကြည့်တိုက်သို့ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် အုပ်ရေ ၁၀၀ နှင့် ရေဒီယိုတစ်လုံး၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က သတင်းစာနှင့် ဒို့ကျေးရွာဂျာနယ် ခြောက်လစာ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က စာကြည့်တိုက်ရန်ပုံငွေအတွက် ငွေကျပ်တစ်သောင်းနှင့် ဂျာနယ်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

စာကြည့်တိုက်အဆောက်အအုံမှာ (၁၄×၂၄)ပေရှိပြီး ကွန်ကရစ်ခင်း၊ အုတ်ညှပ်၊ သွပ်မိုးအမျိုးအစားဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ပုဏ္ဏားကျွန်းမြို့၌ စာအုပ်လှူဒါန်းပွဲကျင်းပ

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ မောင်သာနိုး စာကြည့်တိုက်၏ (၄)ကြိမ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စာအုပ်လှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးနှင့်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြိုင်တို့က အမှာစကားပြောကြားပြီး ငွေကျပ်ငါးသောင်းတန်ဖိုးရှိ စာအုပ်စာစောင်များကိုလည်းကောင်း၊ ဦးဘလှိုင်က အလှူငွေကျပ်တစ်သိန်း၊ ဦးဘလှက အလှူငွေကျပ်ငါးသောင်း၊ ဦးမောင်သာနိုး(ပုဏ္ဏားကျွန်းမြို့)က အလှူငွေကျပ်သုံးသောင်းနှင့် တာဝန်ရှိသူများက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးလှဘော်သူ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသာဒိုးအောင်၊ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်ကျော်စိန်နှင့် စာကြည့်တိုက်မှူး ဒေါ်ညွန့်ရီတို့က လက်ခံယူခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

မိုးသောက်ကြယ် စာကြည့်တိုက် မုဒုံ၌ဖွင့်

မုဒုံမြို့နယ် သာယာကုန်းကျေးရွာ မိုးသောက်ကြယ် စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးခင်မောင်သန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးနှင့် သာယာကုန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်းပြောကြားပြီးနောက် ကျေးရွာအလှူရှင်များက ငွေကျပ် လေးသိန်းလေးသောင်း၊ တီဗွီအပေါ်စက်၊ အောက်စက်တစ်စုံနှင့် လစဉ်ထုတ် သတင်းစာများကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ရေနံချောင်း၌ ပညာရတနာ စာကြည့်တိုက်သစ်ဖွင့်

ရေနံချောင်းမြို့နယ် နဂါးအုပ်စုကျေးရွာ ပညာရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မတ် ၂၁ရက် နံနက် ၉နာရီကကျင်းပရာ မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်အုန်းမြင့်ထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ ပေ အနံ ၁၄ ပေ၊ အမြင့် ၁၂ ပေရှိကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၆)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု လမ်းသစ်များနှင့် စက်ရေတွင်းဖွင့်

တိုက်ကြီးမြို့နယ် ဈေးရပ်ကွက်၌ အရှည်ပေ၅၄၀ အကျယ် ၁၂ပေစီရှိ ရွှေတောင်လမ်းနှင့် သီတာလမ်းကတ္တရာလမ်းသစ်များဖွင့်ပွဲကို မတ်၂၄ရက်က အဆိုပါလမ်းများမှခ်ဦးထိပ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဆွေမြင့်နှင့် အမှုဆောင်အရာရှိ သူရဦးမြင့်သူတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် လမ်းမတော်လမ်းကတ္တရာ ထပ်ပိုးလွှာလမ်းဖွင့်ပွဲကို မတ် ၁၈ရက်က ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်တို့ လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ခရမ်းမြို့နယ် ညောင်ပင်ကွင်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို မတ် ၂၄ရက်က အဆိုပါမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ အမှုဆောင်အရာရှိ ဦးတင်မြင့်နှင့် ရပ်မိရပ်ဖ ဦးဝင်းဆွေတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် ကသဲတန်းလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် တာဝန်ရှိသူတစ်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဇီးကုန်းမြို့နယ် မြို့ပတ်လမ်းကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

အင်းစိန် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၄

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် စတုတ္ထအကြိမ် ရေးသူ၊ ဖတ်သူဆွေးနွေးပွဲကို မတ် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးအောင်မြင့်သောင်း (အောင်မြင့်သောင်း-ဘူမိဗေဒ)၊ စာရင်းစစ် ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်) **(အပေါ်ပုံ)**၊ ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)တို့က အမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြား တင်သွင်း အတည်ပြုကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် စတုတ္ထအကြိမ် ရေးသူ၊ ဖတ်သူ ဆွေးနွေးပွဲကျင်းပရာ မောင်သာယာ (ဂန္ထာရီမဂ္ဂဇင်းနှင့် လပြည့်ဝန်းမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ)နှင့် အောင်စိုးသူ (First music news journel) အယ်ဒီတာချုပ်တို့က စာပေရေးရာများ ဟောပြောကာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။ (၀၁၇)

(၆၆)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ပေါက်တောမြို့နယ် ကံချောင်းကျေးရွာ မြေသားရေကန်သစ်ဖွင့်ပွဲကို မတ် ၂၀ ရက်ကကျင်းပရာ အမှုဆောင် အရာရှိ ဦးသာအေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကင်ဆာရောဂါကာကွယ်ရေး ပညာပေးဟောပြော

ညောင်လေးပင် ဧပြီ ၃

မြန်မာနိုင်ငံဆရာဝန်အသင်း (ညောင်လေးပင်မြို့နယ်) နှင့် Glaxo-Smithkline ကုမ္ပဏီတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးအစီအစဉ်နှင့် သားအိမ်ခေါင်း ကင်ဆာရောဂါကာကွယ်ရေး ကျန်းမာရေး ပညာပေးဟောပြောပွဲကို မတ် ၁၆ရက် မွန်းလွဲ ၁ နာရီက ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းရွှေဝင်း၊ အတွင်းရေးမှူး ဒေါက်တာမြင့်သန်း (ညောင်လေးပင်)တို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ မီးယပ်အထူးကုဆရာဝန် ဒေါက်တာ စန်းစန်းယုနှင့် Glaxo - Smithkline ကုမ္ပဏီမှ ဒေါ်ခင်ဥမ္မာတို့က သားအိမ်ခေါင်းကင်ဆာရောဂါနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ (၀၅၃)

အမြို့မြို့ အနယ်နယ် သတင်းထွေတလာ

အိမ်မဲစည်ပင် မြေခင်းအလှ ဆောင်ရွက်

အိမ်မဲ ဧပြီ ၃

အိမ်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် မြို့သာယာလှပရေးအတွက် မြို့ဝင် မြို့ထွက် မြို့တွင်းလမ်းဘေးများ တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေပြုပြင်ခြင်းများနှင့် မြို့ဝင်ဆိုင်း ဘုတ်အနီး မြေယာရှုခင်းအလှပြုပြင် ခြင်းတို့ကို မတ် ၁၈ ရက်က အဖွဲ့ ဝန်ထမ်းများဖြင့် အမှုဆောင်အရာရှိ ဦးကျော်စိုး ကြီးကြပ်ဆောင်ရွက်ခဲ့ ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပေးအပ်လှူဒါန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော် ရှင်သမိုင်းဝင် ကျိုက်သလွံစေတီ တော်မြတ်ကြီး သက်တမ်း(၂၃၁၈) မြောက် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲအတွက် မော်လ မြိုင်မြို့ အောက်လမ်းမကြီးနေ (ဦးမောင်ကျန်) - ဒေါ်ကြူရောင် မိသားစုက မတ် ၂၃ ရက်တွင် ရွှေသုံးကျပ်သား၊ တန်ဖိုးအလှူငွေ ကျပ်၁၉၅၀၀၀၀ ပေးအပ်လှူဒါန်း ရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း တို့က လက်ခံယူစဉ်။ (၁၀၇)

ရွှေဦးသူနာပြု သင်တန်းဆင်းပွဲ မိုင်းပျဉ်း၌ကျင်းပ

မိုင်းပျဉ်း ဧပြီ ၂

မိုင်းဆတ်ခရိုင် မိုင်းပျဉ်းမြို့နယ်၌ လူထုအတွင်း ရွှေဦးသူနာပြုစုနည်း (၁/၂၀၁၁) သင်တန်းဆင်းပွဲကို မတ် ၆ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်သက်ထားနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ချီးမြှင့်

ထို့နောက် ဆုရသင်တန်းသား သင်တန်းသူများက ထိခိုက်ဒဏ်ရာရရှိသူ များအား ရွှေဦးပြုစုခြင်း သရုပ်ဖော်ပြကွက်ပြသပြီး ဆက်လက်၍ အကြိမ် (၁၀၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့သော ဦးညွန့်တင်အား ဂုဏ်ပြုလက်ဆောင် နှင့် ဂုဏ်ပြုလက်မှတ်ကို မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ကလည်း ကောင်း၊ ၂၀၁၀ခုနှစ် မြို့နယ်လုံးကျွတ် အဝေးရောက် ထူးချွန်ဆုရ မိုင်းပျဉ်း မြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ မနန်းဟွမ်နွန်းအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စိုင်းဆိုင်မှိုင်းက ဂုဏ်ပြုလက်မှတ်ကိုလည်းကောင်း ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ကလောမြို့နယ် အောင်ပန်းမြို့ နန်းအွန် တိုးချဲ့ရေပေးရေး ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မတ် ၁၅ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မိုင်းရှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မတ် ၁၅ ရက်က စဝ်စံထွန်းလမ်းဘေးတွင် ပုလင်းခွံများဖြင့် လိပ်ပြာပုံ မြေယာရှုခင်းပြုလုပ် ခြင်းကို အမှုဆောင်အရာရှိ ဦးအောင်စည် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အောင်လံမြို့ တရော်ကုန်းရပ်ကွက် ရေပေးရေး ရေစက်ရုံတွင် ရေပိုက်လိုင်း များ စနစ်တကျသွယ်တန်းထားမှု၊ လျှပ်စစ်မီးကြိုးများ စနစ်တကျ သွယ်တန်း ထားရှိမှုတို့ကို မတ် ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် အင်ဂျင်နီယာမှူး ဦးမျိုးဝင်းတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပန်းအလှပင်များ ပျိုးထောင်ထားရှိ မှုနှင့် ပန်းအလှပင်များ စိုက်ပျိုးမှုကို မတ် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း မီးသတ်ရေလှောင်ကန် ရေဖြည့်ထားရှိမှုအခြေအနေကို မတ် ၂၀ ရက်က ဈေးမီးဘေးလုံခြုံရေးအဖွဲ့နှင့် အတူ အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့ နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားနှင့် မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရမှ ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်တို့ တက်ရောက်ချီးမြှင့်ကြသည်။

တက်ရောက်

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဝဏ္ဏကျော်ထင်ဦးဝင်းမြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ သမ္မတရုံးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ ❖

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို အမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံ ကွန်ဖရင့်၏ (၁၁)ကြိမ်မြောက် အမျိုးသားကော်မတီဥက္ကဋ္ဌ မစ္စတာ ကျာချင့်လင်က မြန်မာနိုင်ငံမှ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက ပေးပို့သည့် ထောက်ပံ့ရေးပစ္စည်းများကို ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံ လွှဲပြောင်းပေးအပ်စဉ်။
(သတင်းစဉ်)